# လေးတိုင်ကျေးရွာ

# သထုံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁– ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးတိုင်ကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဂေါ်တောရကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

**ဇန်နဝါရီလ၊ ၂၀၂၂**
**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

လေးတိုင်ကျေးရွာ
သထုံမြို့နယ်

## လေးတိုင်ကျေးရွာ သယံဇာတပြေမြပုံ၊ သထုံမြို့နယ်



မြတ်စံကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ)၊ သထုံမြို့နယ်



လေးတိုင်ကျေကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ သထုံမြို့နယ်



## လေးတိုင်ကျေးရွာ လုပ်ငန်းစရင်းများ



## လေးတိုင်ကျေကျေးရွာ AVIP ၊ သထုံမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လေးတိုင်ကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ထောင်မှူးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်ခြမ်းတွင် မီးရထားလမ်း၊ အနောက်ဘက်တွင် တာရာစက်ရုံဝန်ထမ်းအိမ်ယာ၊ တောင်ဘက်တွင် လေးတိုင်ကျေးရွာမူလတန်းကျောင်း၊ မြောက်ဘက်တွင် ကြာပန်းကျေးရွာတည်ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ပအိုဝ့် ၊ ဗမာ၊ ကရင် တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ လယ်မြေများမရှိပါ။ ဥယျာဉ်ခြံမြေ (၁.၄၂)ဧက နှင့် စာကျက်မြေ (၂၈) ဧက စုစုပေါင်း(၃၉.၇၀)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိမိတို့ကိုယ်ပိုင်ခြံဝန်းအတွင်း၌ ရာသီလိုက်အသီးအနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိ/ဖ အဖွဲ့တွင် ကျား(၉)ဦး ဖြင့်ဖွဲ့စည်းထားပါသည်။ ကျေးရွာ၏ သာရေးနာရေး ၊ လူမှုရေး လုပ်ငန်းများတွင်စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လုပ်ဆောင်ကြပါသည်။ ကာလသား ၊ ကာလသမီးအဖွဲ့တွင် ကျား ( )ဦး ၊ မ( )ဦး ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာ/နာရေး လုပ်ငန်း များတွင် ဆောင်ရွက်ကြပါသည်။ဦးသူကြီးအဖွဲ့တွင် ကျား ( )ဦး၊ မ( ) ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ဘာသာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ကျောင်း အကျိုးတော် ဆောင် အဖွဲ့တွင် ကျား( ) ဦး၊ မ ( ) ဦး ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာရှိမူလတန်း စာသင်ကျောင်းရှိ ဆရာမများနှင့် ကလေးပညာရေး ကဏ္ဍာတိုးတက်လာရန်အတွက် လုပ်ဆောင်လျှက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လေးတိုင်ကျေးရွာတွင် ၂.၅ ဧက အောက်ငယ် ဆင်းရဲသော အိမ်ထောင်စုမရှိပါ။၃၀ဧကမှ ၅၀ဧက ပိုင်ဆိုင်သော အိမ်ထောင်စု ၅၀ဦးနှင့် ၁၀ဧက မှ ၁၅ဧက ပိုင်ဆိုင်သော အိမ်ထောင်စု ရ၀ ရှိပါသည်။ မြေယာမဲ့များသည် ကျေးရွာ၏ စုစုပေါင်းအိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်ရှိပြီး အများစုသည် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းနေ့စား နှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ရာဘာနှင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်အကိုင်ကြပါသည်။ ရွာအနီးတွင် လယ်ယာမြေနှင့် ဥယျဉ်ခြံမြေ အနည်းငယ်သာရှိပြီး

တခြားသော နေရာများတွင် လယ်မြေနှင့်ဥယျာဉ်ခြံများ ပိုင်ဆိုင်ကြပါသည်။

အသီးအနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဇီဝဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းဝေးသောကြောင့် လွယ်ကူစွာ ဝယ်ယူ၍ မရနိုင်ပါ။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားမှတဆင့် ရောင်းချရပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျတ်ပိုး၊ ခရု၊ ကြွက်များ ကျရောက်ပါသည်။ မိုးမရွာသည့်အခါ စပါးခင်းများအား ရေအလုံအလောက်မရသောကြောင့် လယ်ယာမြေများနံဘေးရှိ စော်ကဲရိုးကို ပြန်လည်တူးဖော်လျှင် စိုက်ပျိုးရေးအတွက် အဆင်ပြေမည်ဖြစ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

လေးတိုင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စုမှာ (၃၀) ရှိပြီးနွားကောင်ရေ (၆၁)ကောင်ရှိပြီး ဆိတ်မွေးမြူသည့်အိမ်ထောင်စုမှာ(၁၂)အိမ်ထောင်စုရှိပြီး၊ ဆိတ်ကောင်ရေ(၈၅) ကောင်ရှိပြီး၊ အိမ်ထောင်စု (၄၉) အိမ်ထောင်စုတွင် ဝက်(၆၄)ကောင်ရှိပြီး၊ အိမ်ထောင်စု(၅၉) တွင် ကြက်(၅၄၄) ကောင်ရှိပြီး၊ အိမ်ထောင်စု (၈)အိမ်ထောင်စုတွင် ဘဲ(၅၈)ကောင် စသည်ဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ လေးတိုင် ကျေးရွာတွင် နွား၊ ဆိတ်၊ဝက်၊ ကြက်နှင့်ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။

မွေးမြူရေးဆိုင်ရာနည်း ပညာများမသိရှိခြင်း၊ အရင်းအနှီးငွေနည်းပါးခြင်းတို့ကြောင်း ငါးနှင့် အခြားမွေးမြူရေး တိရစ္ဆာန်များကို စီးပွားဖြစ်မမွေးမြူနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေး အသိပညာပေး သင်တန်းများအပြင် မွေးမြူရေးဆိုင်ရာသင်တန်းများပါ ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းမှာ တစ်နိုင်တစ်ပိုင်သာမွေးမြူကြသဖြင့် တိရစ္ဆာန်သောက်သုံးရေနှင့် ပတ်သက်သောအခက်ခဲများမရှိပါ။သထုံမြို့နှင့် နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု အစာနှင့်ဆေးများကို အလွယ်တကူရနိုင်ပါသည်။တိရစ္ဆာန်များကိုလည်း အိမ်ခြံဝန်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူနိုင်ခြင်းဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူရန်အတွက် ချေးငွေများကို မရရှိသဖြင့် ကာလရှည်အတိုးနည်း ချေးငွေများ ရရှိပါက ပိုမိုကောင်းမွန်သော မွေးမြူသောလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ထို့အပြင် မွေးမြူရေးနှင့် ပတ်သက်သည့် အသိပညာများ ရရှိပါက မွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာမည် ဖြစ်ပါသည်။

## (ဂ) မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်းခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်ခြင်း၊ ကြုံရာကျပန်း၊ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ အားနည်းခြင်းတက်မြောက်မှု မရှိခြင်း၊ ငွေကြေးရင်းနှီးမြှပ်နှံမှု အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် တခြားနိုင်ငံများသို့ သွားလာပြောင်းရွှေ့ လုပ်ကိုင်ရခြင်းဖြစ်ပါသည်။ ထို့အပြင် လေးတိုင်ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမလုပ်ကိုင်သော အခြားစီးပွားရေးလုပ်ကိုင်သော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်းနှင့် အသေးစားအလတ်စား ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုမရှိခြင်း ရင်းနှီးမြှပ်နှံရန် ငွေကြေးမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ထို့ကြောင့် ကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းအနေဖြင့် (စက်ချုပ်သင်တန်း၊ စက်ပြင်သင်တန်း၊ ဆပ်ပြာရည်လုပ်နည်းသင်တန်း) စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် တစ်ဖက်တလမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစု စားဝတ်နေရေး အဆင်ပြေလာမည်ဖြစ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

**စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်အတင့်ဖြင့် ချေးငွေအနည်းငယ်သာ ရရှိပြီး ရွာမှ ကိုယ်ထူကိုယ်ထ မေတ္တာရိပ်ငွေစုငွေကြေးအဖွဲ့မှလည်း အမျိုးသမီးများအတွက် ချေးငွေဝန်ဆောင်မှုများမှာ ကာလတိုသာ ဖြစ်သောကြောင့် ငွေကြေးအရင်းအနှီးအခက်အခဲရှိပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန်လိုအပ်ပါသည်။**

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် သုံးဘီးဆိုင်ကယ်ဖြင့် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်စက်ဘီး (၄၅)စီး၊ မော်တော်ဆိုင်ကယ် (၇၆)စီး၊ သုံးဘီးဆိုင်ကယ် (၁၇)စီးနှင့် ကား (၄)စီးစသည်တို့ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုလျှက်ရှိပါသည်။

ကျေးရွာတွင် ရွာအဝင်လမ်း (၂)လမ်းသာရှိပြီး (၁)လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်(၁) လမ်း မှာ မြေသားလမ်းဖြစ်ပါသည်။ ၎င်းကွန်ကရစ်လမ်းကို ၂၀၁၅ခုနှစ်တွင် လွှတ်တော် ရန်ပုံငွေဖြင့် (၁၁၂၀)ပေ ခင်းခဲ့ပြီး ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော

(VDP) စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခဲ့ရာ (၁၇၄၆)ပေ ဆက်လက်ခင်းနိုင်ခဲ့ပါသည်။ ယခုတွင် ကွန်ကရစ်လမ်းခင်းရန် (၉၇၆)ပေသာကျန်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ယခင်ကလေးတိုင်ကျေးရွာတွင်ကိုယ်ထူကိုယ်ထလျှပ်စစ်မီးအသုံးပြုနေသည့် အိမ်ထောင်စုမှာ (၉၈)အိမ်ထောင်စုရှိပြီး ကျန်အိမ်ထောင်စုများမှာ လျှပ်စစ်မီးမရရှိသေး၍ ဖယောင်းတိုင်မီး အသုံးပြုနေသော အိမ်ထောင်စုများလည်းရှိပါသည်။ လေးတိုင်ကျေးရွာတွင် မဟာဓါတ်အားလိုင်းချိတ်ဆက်၍ လျှပ်စစ်မီးရရှိပြီး NEP စီမံကိန်းဖြင့် ကျေးရွာအတွင်းတွင် ထရန်စဖော်မာတစ်လုံး၊ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများတပ်ဆင်ထားပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လေးတိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၅၁) လုံး၊ တီဗွီ (၁၃၀) လုံး၊ ဂြိုလ်တုစလောင်း (၁၂၅) လုံးနှင့် ရေဒီယို(၁၁)လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာ၏ မြောက်ဘက်ခြမ်းတွင် ဖုန်းတာဝါတိုင်တစ်ခု ရှိသည့် အတွက် ဖုန်းဆက်သွယ်မှု အခက်အခဲမရှိပါ။သတင်းအချက်အလက်ကို ဖုန်း၊ တီဗီ၊ ဂြိုလ်တုစလောင်း၊ရေဒီယိုစသည်တို့မှ သိရှိသည့် အပြင် သတင်းအချက်အလက်ဖြန့်ဝေမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ တဆင့်သိရှိနိုင်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ/ဖများမှလည်း သဘာဝဘေးအန္တရာယ်လျှော့ချရေး ကြိုတင်ကာကွယ်ရေး စသည့်အစီအစဉ်များပို့ချရန်လိုအပ်ပါသည်။

၆။ ပညာရေး

လေးတိုင်ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၇)ဦး ၊ အလယ်တန်းအဆင့် စာတတ်မြောက် သူများမှာ(၁၁%) ၊အထက်တန်းအဆင့်စာတတ်မြောက်သူလူဦးရေမှာ(၁၈) နှင့် တက္ကသိုလ် အဆင့်စာတတ်မြောက်သူမှာ (၁၂)ဦး ရှိပါသည်။ ယခင်ကလေးတိုင်ကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် စာတတ်မြောက်မှုနည်းပါးသောကြောင့် အသိပညာဗဟုသုတ အားနည်း၍ ပညာရေးနောက်နေးနေရခြင်းဖြစ်ပါသည်။ ယခုပညာသင်ကြားနေသော ကျောင်းသား / သူများသည် မူလတန်းပညာရေးကိုကျေးရွာရှိမူလွန်ကျောင်းတွင်လည်းကောင်း၊အလယ်တန်းကျောင်း တာယာ စက်ရုံ အ.လ.ကတွင်လည်းကောင်း၊ အထက်တန်းကို (အ.ထ.က) ကြာပန်းကျေးရွာတွင် တက်ရောက်ကြပြီး တက္ကသိုလ်ကျောင်းကို မော်လမြိုင်မြို့လည်းကောင်း ပညာသင်ကြားနေကြ ပါသည်။ လေးတိုင်ကျေးရွာအုပ်စု၏ မူလတန်းကျောင်းတွင် ဆရာ/မ (၄၀-၁)အောက်ဖြစ်သော ကြောင့်လုံလောက်ပါသည်။ ကျောင်းခြံစည်းရိုးကောင်းမွန်ပြီး ရေရရှိမှုလုံလောက်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လေးတိုင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာ/မများမှာ ၂၀၁၉ခုနှစ် ဇူလိုင်လတွင် ပိုလီယိုကာကွယ်ဆေး တစ်ကြိမ်၊ ဩဂုတ်လတွင် ပိုလီယိုကာကွယ်ဆေး အပိုထပ်ဆောင်း တိုက်ကျွေးပါသည်။ နိုဝင်ဘာလတွင် ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး အပိုထပ်ဆောင်း တစ်ကြိမ်လာရောက်ထိုးနှံခဲ့ပါသည်။ လိုအပ်သောကာကွယ်ဆေးများကိုလည်း တစ်လတစ်ကြိမ် ပုံမှန်ထိုးပေးပါသည်။ လေးတိုင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း ကျေးရွာမှ ငါးနှစ်အောက် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များသည် ကြာပန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့ သွားရောက်၍ကာကွယ်ဆေးထိုးနှံကြပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသရပါသည်။

လေးတိုင်ကျေးရွာတွင် မိုးရာသီ၌ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ များဖြစ်တတ်ပါသည်။ ငှက်ဖျားရာသီတွင်လည်း ငှက်ဖျားရောဂါဖြစ်တတ်ပါသည်။ ကျေးရွာတွင် ဆီးချို၊ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမြင့်မားပါသည်။ ထို့အပြင် ကျန်းမာရေးအသိပညာအားနည်း သောကြောင့် ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားရခြင်းဖြစ်သည်။

သောက်သုံးရေအနေဖြင့် ကျေးရွာတွင်ရေတွင်းပေါင်း(၈၀)တွင်းရှိပြီး အိမ်ထောင်စု(၈၉)စုမှ မျှဝေသုံးစွဲကြပါသည်။ လေးတိုင်ကျေးရွာ၏ ရွာလယ်ပိုင်းသည် ကုန်းမြင့်ဖြစ်သောကြောင့် နွေရာသီ၌ ရေခမ်းခြင်းများကြုံတွေ့နေရပြီး ရွာလယ်ရှိစက်ရေတွင်းမှ သောက်သုံးရေအတွက် အသုံးပြုနေရပါ သည်။ ထို့ကြောင့် ကျေးရွာတွင် နွေရာသီတွင် ရေလုံလောက်စွာရရှိရန်အတွက် စက်ရေတွင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ပေးမည်ဆိုပါက မြေနေရာရှိသဖြင့် နွေရာသီရေရှားပါးသည့် အခက်အခဲ များ ကြုံတွေ့နိုင်တော့မည်မဟုတ်ပါ။

လေးတိုင်ကျေးရွာတွင် ယင်လုံအိမ်သာကို အများဆုံးအသုံးပြုကြပါသည်။ အိမ်သာမရှိသူများ လဲရှိပါသည်။ ကျန်းမာရေးအသိမရှိခြင်းကြောင့် အိမ်သာအသုံးပြုရန်အတွက် ကျန်းမာရေးအသိပညာ ပေးဟောပြောပွဲများဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လေးတိုင်ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် အမှိုက်များကို မိမိတို့အိမ်ခြံဝန်းအတွင်း၌ ကျင်းတူး၍ မီးရှို့သော အိမ်ထောင်စုအချို့ရှိပါသည်။ အမှိုက်များကို စနစ်တကျ စီမံခန့်ခွဲမှုအားနည်းသော အိမ်ထောင်စုများလည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျေးရွာ အနီးနှင့် ပတ်ဝန်းကျင်တွင် ဓါတ်သတ္တုနှင့် သဘာဝ ဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များနှင့် အခြားသဘာဝ အရင်းအမြစ်များ မရှိသော်လည်း နွားစာအဖြစ် မြတ်ပင်များအနည်းငယ်ရှိပါသည်။ကျောက်၊သဲနှင့်ကျောက်စရစ်များများမှာ ကျေးရွာအနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် မြိုင်ကလေးကျေးရွာတို့မှ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသော အိမ်ထောင်စုများမရှိပါ။ တစ်ဦးကိုတစ်ဦးကို မိသားစု ဆွေမျိုးများသဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းလုံးစွာနေထိုင်ကြပါသည်။ ဆင်းရဲသည့် အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုနှင့် ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထို့ကြောင့် လေးတိုင်ကျေးရွာသည် ဝမ်းစာမဖူလုံမှု၊ သဘာဝဘေးအန္တရာယ်များမရှိခြင်း တစ်ဦးကိုတစ်ဦးမိသားစု မိတ်ဆွေများသဖွယ် ကူညီစောင့်ရှောက်မှုများဖြင့်

စည်းစည်းလုံးလုံးနေထိုင်ကြပါသည်။ဆင်းရဲသည့်အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုနှင့် လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ထို့ကြောင့် လေးတိုင်ကျေးရွာသည် ဝမ်းစာဖူလုံမှုရှိခြင်း၊သဘာဝဘေးအန္တရာယ်များ မရှိခြင်း တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ခြင်းတို့ကြောင့် ၎င်းမိသားစုများအတွက် ထိခိုက်မှုခံရနိုင်ခြေ နည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင် အဓိကထား၍လုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာမပိုလျှံသော်လည်း ဖူလုံမှုရှိပါသည်။စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း၊အအေးလွန်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ မရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို ကြုံတွေ့ရပါသည်။

ကျေးရွာအတွင်း ငှက်ဖျားရောဂါ အနည်းငယ်နှင့် တီဘီရောဂါအနည်းငယ်ရှိသော်လည်း ငှက်ဖျားရောဂါနှင့် တီဘီရောဂါတိုက်ဖျက်ရေး အတွက် စေတနာ့ဝန်ထမ်းများ ရှိပါသည်။ရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပဋိပက္ခများမရှိပါ။ကျွဲ၊နွား၊ဆိတ် တို့မှ တစ်ခါတစ်ရံ လျှာနာ၊ခွာနာရောဂါဖြစ်တတ်ပါသည်။

၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လေးတိုင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများမပါဝင်ကြပါ။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိပါ။အမျိုးသမီးရေးရာအကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ထောင်မှူးကျေးရွာအုပ်စု | | | ကျေးရွာအမည် – လေးတိုင်ကျေးရွာ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | လမ်းအမှတ်(၂) မြေသားလမ်းမှ (၁၇၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။ | |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်း+စင်မြင့်ရေစင်+ရေစက်ရုံ တည်ဆောက်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းအမှတ်(၁) (၈၉၀')အားမြေသားလမ်းမှ (၈၉၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းအမှတ်(၁) (၈၉၀')အား လမ်းဘေးအုတ်စီ ရေမြောင်း ပြုလုပ်ခြင်း | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းအမှတ်(၄) (၈၁၀')အားမြေသားလမ်းမှ (၈၁၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။ | |

## လေးတိုင်ကျေးရွာ၊ထောင်မှူး ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ဝင်းရွှေ | ဦးဦးဒင် | ၆/ထဝန (နိုင်) ၀၄၃၉၄၁ | ၅၃ | ဥက္ကဋ္ဌ | ၀၉၇၇၄၁၄၁၉၉၉ |
| ၂ | ဦးတင်အေး | ဦးမောင်ဖုံ | ၁၀/သထန (နိုင်)၀၀၈၄၅၉ | ၆၁ | အတွင်းရေးမှူး | ၀၉၇၈၂၇၉၅၀၃၇ |
| ၃ | ဦးမြင့်ကြိုင် | ဦးအောင်သိန်း | ၁၂/မဂဒ (နိုင်) ၀၃၇၆၆၅ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉၂၅၅၉၃၀၀၆၉ |
| ၄ | ဦးမြင့်သန်း | ဦးဖိုးနွယ် | ၁၀/သထန (နိုင်) ၀၁၇၁၉၉ | ၆၄ | စာရင်းကိုင် | ၀၉၇၆၄၇၁၆၉၃၄ |
| ၅ | ဦးမောင်အေး | ဦးအုန်းမောင် | ၁၀/သထန (နိုင်) ၁၉၇၀၀၃ | ၅၄ | သော့ကိုင်(၁) | ၀၉၈၈၇၁၁၉၆၈၄ |
| ၆ | ဒေါ်အေးအေးမော် | ဦးအေးလူ | ၁၀/သထန (နိုင်)၁၃၇၆၅၁ | ၄၈ | သော့ကိုင်(၂) | - |
| ၇ | ဒေါ်အေးသန္တာအောင် | ဦးမြင့်စိုး | - | ၂၀ | သော့ကိုင်(၃) | - |
| ၈ | ဦးအေးမင်းဝင်း | ဦးသောင်းရွှေ | ၁၀/သထန (နိုင်)၁၃၇၆၅၁ | ၃၉ | အဖွဲ့ဝင် | ၀၉၇၉၁၅၈၆၈၅၀ |
| ၉ | ဦးခုလု | ဦးထွန်းကြိုင် | - | ၆၉ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၆ | ၁၃ | ၅ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၂၃ | ၅၀ | - | - |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃၂ | ၁၃၅ | ၂၆၇ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၅ | ၆၅ | ၁၄၀ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၀ | ၂၈၈ | ၅၄၈ | - | - |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၃၂ | ၅၉ | - | - |
| စုစုပေါင်း | | ၄၇၂ | ၅၄၉ | ၁၀၂၁ | ၅ | ၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၄ | | | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ် ယောကျ်ားလေးမှာ (၇)ယောက်နှင့် မိန်းကလေးမှာ(၆)ယောက် စုစုပေါင်း(၁၃)ယောက်ရှိပါသည်။ မူလတန်းကျောင်းသားအရွယ် ကျား၊မပေါင်းမှာ (၂၆၇)ယောက်ရှိပါသည်။ အလယ်တန်းကျောင်းသားအရွယ် ကျား၊မပေါင်းမှာ (၁၄၀)ရှိပြီး၊ အလုပ်လုပ် နိုင်သည့်အရွယ် ကျား၊မပေါင်းမှာ (၅၄၈) ယောက်ရှိပါသည်။သက်ကြီးရွယ်ကြီးအရွယ် ကျား၊မပေါင်းမှာ (၅၉)ယောက်ရှိပြီး စုစုပေါင်း အိမ်ထောင်စုမှာ (၁၇၄)စု ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | | |
| | | | | | ကျား | မ | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | မ | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|---|
| | **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကို သာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | | |
| | | | | | ကျား | မ | | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၅ | - | ၁၅ | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | | | ၇ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၂၀ | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ် ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | မ | | အဓိက ဝင်ငွေရ လုပ်ငန်းမဟု တ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | - | ၁၀ | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | ၃ | ၂ | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | | | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | ဦးရေ | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကို သာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ကျား | မ | | | |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | - | မြင့် ☐ လတ်☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၅ | ၂၀၁ | ၁၁ | | ၁၉၃ | ၁၀၃ | ၆၇ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | | - | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၀၀ | ၂၄၈ | ၁၁ | | ၂၀၂ | | | ၁၁၉ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** လေးတိုင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးပြီး အသက်မွေးဝမ်းကြောင်းပြုသူ မရှိပါ။အိမ်ဆိုင်၊ စက်ချုပ်၊ ဘေးတွဲမောင်း၊ ကျပန်း ပြုလုပ်သူများပြားပါသည်။ ရာဘာခြံ ✓စိုက်ပျိုးသူများ သဖြင့် အငှားရာဘာခြစ်သူများပြားကြောင်းတွေ့ရှိရပါသည်။ တခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာတွင် အဓိက နေ့စားမှာ ပန်းရံလုပ်ငန်းတွင် ကျား၊မနေ့စားလုပ်အားခအများဆုံးမှာ ကျား (၁၂၀၀၀)၊မ (၈၀၀၀)ရရှိပြီး၊အနည်းဆုံးဝင်ငွေမှာ ကျား(၁၀၀၀၀)နှင့် မ(၆၀၀၀)ကျပ်ဖြင့် နေ့စားဆင်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃ | ကောင်း☐ သင့်✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၂၈ | ကောင်း ☐ သင့်☐ ညံ့ ✓ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ✓ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စုစုပေါင်း | ၃၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာတွင် ကျေးရွာပိုင်စားကျက် ဧရိယာမှာ (၂၈)ဧက ရှိပြီး မြေဆီလွှာ အမျိုးအစားမှာ မစိုက်ပျိုးနိုင်သော မြေကွက်ဧရိယာမှာ (၈)ဧကရှိသည်ကို လေ့လာတွေ့ရှိရပါသည်။**

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေအနေ (မှန်ရာကိုတစ်ခု ကိုရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ | |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ☐ |
| ရေ-မြေအောက်ရေ(တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ☐ |
| သစ်တော-အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |
| သစ်တော-ဒီရေတော | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်ဒသဲ များကိုကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် မြိုင်ကလေးမှ အလွယ်တကူ ရရှိပါသည်။ လေးတိုင် ကျေးရွာတွင် သဘာဝအပင်မျိုး စိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်)များကို အနည်းဆုံး ရှိသည်ကိုလေ့လာ တွေ့ရှိရပါသည်။

(ဃ) ဌစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဌစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကေ ာင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွားရေး(ဝင်ငွေ )အလွန်ကောင်း | စီးပွားရေး(ဝင်ငွေ) အသင့်အတင့် | စီးပွားရေး(ဝင် ငွေ)နည်း | စီးပွားရေး(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၉ | ၁၂ | ၃၉ | ၁၁၄ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၄၀)ရှိပြီး၊ အသင့်အတင့်ရှိသော အိမ်ထောင်စုမှာ (၈၀)ရှိပြီး၊အဆင်မပြေသော အိမ်ထောင်စုမှာ (၅၄)အိမ်ရှိပါသည်။အလုပ်အကိုင်မှာ အသင်အတင့်ရှိကြပြီး အိမ်အမျိုးအစားမှာ အဆင်ပြေသည့် အိမ်ထောင်စုမှာ အုပ်ကာ၊သွပ်မိုးနှင့် အသင့်အတင့်ရှိသည့် အိမ်ထောင်စုမှာ သစ်ခင်း၊သစ်ကာ၊သွပ်မိုးနှင့် အဆင်မပြေသည့် အိမ်ထောင်စုမှာ ဝါးခင်း၊ဖက်မိုးဖြင့် နေထိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဌစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။…………………………………………………………………

…………………………………………………………………………………………

…………………………………………………………………………………………

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာတွင် (၆၄)နှစ် နှင့် အထက်သည် မိသားစုဝင်များနှင့် အတူနေထိုင်ပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုမှာ (၃၈)စုရှိပြီး ကျေးရွာစောင့်ရှောက်မှုမရှိသော မသန်စွမ်းပုဂ္ဂိုလ်များ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက် လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ် | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက် လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | |
| ၄ | ဆူနာမီ | ✓ | | | | | |
| ၅ | ဆိုင်ဖုန်းမုန်တိုင်း | ✓ | | | | | |
| ၆ | လေဆင်မှာမောင်း | ✓ | | | | | |
| ၇ | လျှော် | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောင်မီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာ မဖူလုံမှု | | ✓ | | | | |
| ၁၈ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ✓ | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | ✓ | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ပြည်တွင်း ပဋိပက္ခ | | | | | | |
| ၂၅ | ကပ်ရောဂါ | | ✓ | | | | |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | ✓ | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လေးတိုင်ကျေးရွာသည် ၁၉၈၆၊၂၀၀၇ ခုနှစ်တွင် မိုးသီးကြွေပြီး နှစ်စဉ်အအေးလှိုင်းဖြတ်ခြင်းများ ဖြစ်ခဲ့ရာ ကျေးရွာအိမ်ထောင်စုများမှာ ကျန်းမာရေးဆိုင်ရာနှင့် ပတ်သက်ပြီး ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှု ရောဂါများ အသင့်အတင့် ဖြစ်ပွားခဲ့သည်။

ကပ်ရောဂါနှင့်ပတ်သက်၍ အိမ်ထောင်စုတော်တော်များများမှာ ထိခိုက်သက်ရောက်မှု မြင့်သည်ကို လေ့လာတွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
